Interim Executive Council
Karenni State

# ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေး ကောင်စီ

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အစီရင်ခံစာ

Department of Home Affairs
Karenni State

# ပြည်ထဲရေးဌာန၊ ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ

ပြည်ထဲရေးဌာန၏ ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲသည် မြို့နယ်အုပ်ချုပ်ရေးဖွဲ့စည်းပြီးသော မြို့နယ် (၁၆) မြို့နယ်၊ မြို့ (၁) မြို့၊ ကျေးရွာအုပ်စုပေါင်း (၉၂) အုပ်စုတို့တွင် အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အသီးသီးတွင် ရုံးလုပ်ငန်းလည်ပတ်မှုနှင့် ရုံးလုပ်ထုံးလုပ်နည်းဆိုင်ရာ သင်တန်းများကို ပေးအပ်နိုင်ခဲ့သည်။ ထို့အပြင် ဖက်ဒရယ်စနစ်ကိုအခြေပြုသော ကရင်နီပြည်သူ့အုပ်ချုပ်ရေး မူဝါဒတစ်ရပ်အား ရေးဆွဲလျက်ရှိသည်။ ပထမ (၆) လပတ်အတွင်း မြို့နယ် (၃) မြို့နယ်တွင် ကျေးရွာနှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းကာ စည်ပင်လုပ်ငန်းများကို လူထုအခြေပြုအဖွဲ့များ နှင့် ပူးပေါင်း၍စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**အုပ်ချုပ်ရေးယန္တရားအကောင်အထည်ဖော်လျက်ရှိသော မြို့နယ်နှင့် မြို့** — **(၁၆) မြို့နယ်နှင့် မြို့ (၁) မြို့**

**အုပ်ချုပ်ရေးယန္တရားအကောင်အထည်ဖော်လျက်ရှိသော ကျေးရွာအုပ်စု** — **(၉၂) အုပ်စု**

**စည်ပင်သာယာရေးကော်မတီဖွဲ့စည်းနိုင်ခဲ့သာ မြို့နယ်များ** — **၃ မြို့နယ်**

## ကရင်နီပြည်ရဲဌာနခွဲမှ လိုက်ပါဆောင်ရွက်လျက်ရှိသော အမှုများ

| စဉ် | ရဲစခန်း | အမှုအမျိုးအစား | | | | | | | | စီရင်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အကြမ်းဖက်စစ်တပ် နှင့် ပတ်သက်သည့် အမှု | လူသတ်မှု | မုဒိမ်းမှု | ဓါးမြှမှု | ခိုးမှု | မူးယစ်ဆေးဝါးမှု | အခြားမှု | အမှု ပေါင်း | ချုပ်ပြီး | တရားရုံးစွဲ | ရဲစစ် |
| ၁ | အမှတ်(၁) | - | ၂ | ၁ | - | - | ၂ | ၂ | ၇ | ၂ | ၅ | - |
| ၂ | အမှတ်(၂) | - | - | - | - | - | | ၂ | ၂ | ၁ | ၁ | |
| ၃ | အမှတ်(၃) | - | - | - | - | - | - | - | - | - | - | - |
| ၄ | အမှတ်(၄) | - | - | - | - | - | ၁ | - | ၁ | - | ၁ | - |
| ၅ | အမှတ်(၅) | | - | - | - | | ၃ | ၁ | ၄ | ၄ | | |
| ၆ | အမှတ်(၆) | ၂ | - | ၁ | - | - | - | ၁ | ၄ | | ၄ | - |
| ၇ | အမှတ်(၇) | - | - | - | - | - | ၁ | - | ၁ | ၁ | - | - |
| ၈ | အမှတ်(၈) | | - | - | - | - | ၃ | - | ၃ | - | ၃ | |
| ၉ | အမှတ်(၉) | ၂ | ၁ | ၄ | | | ၆ | ၄ | ၁၇ | ၈ | ၅ | ၄ |
| ၁၀ | အမှတ်(၁၀) | ၂ | - | - | - | | ၃ | | ၅ | ၅ | | |
| ၁၁ | အမှတ်(၁၁) | ၆ | ၁ | - | - | - | ၁ | - | ၈ | ၁ | ၆ | ၁ |
| ၁၂ | အမှတ်(၁၂) | | | ၁ | | ၂ | ၄ | ၃ | ၁၀ | ၂ | ၈ | - |
| ၁၃ | အမှတ်(၁၄) | ၇ | - | ၁ | - | - | ၃ | ၁ | ၁၂ | ၈ | ၄ | - |
| ၁၄ | အမှတ်(၁၅) | ၃ | - | - | - | ၂ | - | - | ၅ | - | ၅ | - |
| ၁၅ | အမှတ်(၁၆) | - | - | ၁ | - | ၁ | - | - | ၂ | ၁ | ၁ | - |
| ၁၆ | အမှတ်(၁၇) | - | - | - | - | - | - | - | - | - | - | - |
| စုစုပေါင်း | | ၂၂ | ၄ | ၉ | - | ၅ | ၂၇ | ၁၄ | ၈၁ | ၃၃ | ၄၃ | ၅ |

## ပြည်ထဲရေးဌာန၊ ကရင်နီပြည်ရဲဌာနခွဲ

ကရင်နီပြည်ရဲဌာနခွဲသည် ကရင်နီပြည်ရဲဥပဒေ၊ ရဲလမ်းညွှန်များနှင့်အညီ ပြည်သူ့အခြေပြု တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ပြည်သူ့လုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပြီး ရဲအရာရှိမွမ်းမံသင်တန်းများဖွင့်လှစ်ခြင်းနှင့် ရဲအကယ်ဒမီကျောင်း ပေါ်ပေါက်လာရေးတို့အတွက် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## ဖွင့်လှစ်နိုင်ခဲ့သော ရဲစခန်းနှင့် လုံခြုံရေး ရဲကင်းများ




မြို့နယ်ရဲဌာနရုံး (၆)ရုံး





နယ်မြေရဲစခန်း (၁၇) ခု



နယ်မြေရဲကင်း(၈)ခု/ ယာဉ်ထိန်းရုံး(၁) ခု




ဆေးရုံလုံခြုံရေးရဲကင်း(၄) ခု



ရဲဂိတ် (၁၀) ခု

## ပထမ (၆) လပတ် အခွန်ဝင်ငွေမှ ဌာနအလိုက်ငွေကြေးခွဲဝေမှုအခြေအနေ

| | |
|---|---|
| ပြည်ထဲရေးဌာန - ၂.၅၁% | ဦးစီးကောင်စီရုံး - ၄.၉၀ % |
| ကရင်နီပြည်ရဲ့ဌာနခွဲ - ၂၀.၉၁ % | ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ -၂.၀၂ % |
| လူ့ဝင်မှုကြီးကြပ်ရေးဌာနခွဲ - ၆.၇၇ % | အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ- ၆.၆၂% |
| ပညာရေးဌာန - ၃.၉၃% | ကျန်းမာရေးဌာန -၇.၆၀% |
| လူသားချင်းစာနာထောက်ထားရေး - ၅.၅ % | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန် - ၂.၇၇ |
| အမျိုးသမီးနှင့်ကလေးသူငယ် - ၂.၅၃ % | တရားရေးဌာန- ၈.၁၁ % |
| ကုန်သွယ်၊ရင်းနှီး၊ပို့ဆက်ဌာန - ၃.၇၁ % | စိုက်၊မွေး၊ဆည်ဌာန - ၃.၁၃ % |
| ဆောက်လုပ်ရေးဌာန - ၁.၉၆ % | လူငယ်ရေးရာဌာန - ၁.၃၈ % |
| တရားစီရင်ရေးမဏ္ဍိုင် - ၅.၅၈ % | ဥပဒေပြုရေးမဏ္ဍိုင် - ၃.၂၉ % |
| အရေးပေါ်ရန်ပုံငွေ - ၆.၇၇ % | |

## ပထမ (၆) လပတ် အခွန်ဝင်ငွေမှ ဌာနအလိုက်ငွေကြေးခွဲဝေမှုအခြေအနေ




# စီမံကိန်း၊ဘဏ္ဍာရေးနှင့် အခွန်ဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနသည် စီမံကိန်းများချမှတ်ခြင်း၊ ရသုံးမှန်းခြေများ ညှိနှိုင်းရေးဆွဲခြင်း၊ မျှတသော ဘဏ္ဍာငွေခွဲဝေခြင်း၊ အခွန်ငွေများစနစ်တကျကောက်ခံ၍ ပွင့်လင်းမြင်သာစွာ ပြန်လည်အသုံးချခြင်း စသည်တို့ကို ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်သူကို တာဝန်ခံသောစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

## ပထမ (၆)လပတ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှုအခြေအနေ

| စဉ် | လုပ်ငန်းအမျိုးအမည် | အရေအတွက် | တန်ဖိုး(ကျပ်) |
|---|---|---|---|
| ၁ | လမ်း | ၃ ခု | ၈၅,၂၂၀,၀၀၀ |
| ၂ | တံတား | ၂ ခု | ၁၃၅,၀၀၀,၀၀၀ |
| ၃ | ဌာနများ၏ လုပ်ငန်းစီမံကိန်းများ | ၁ ခု | ၂၈,၀၅၀,၂၂၅ |
| | ပေါင်း | ၆ ခု | ၂၄၈,၂၇၀,၂၂၅ |



KARENNI STATE IMMIGRATION

## ပြည်ထဲရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ

လူဝင်မှုကြီးကြပ်ရေးဌာနခွဲသည် ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲမှ ဖွဲ့စည်းထားသော မြို့နယ် (၁၆) မြို့နယ်နှင့် မြို့ (၁) မြို့တွင် အိမ်ထောင်စုစာရင်းကောက်ခံခြင်း၊ လူဝင်လူထွက်စစ်ဆေးခြင်း၊ ဖြတ်သန်း/နေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များထုတ်ပေးခြင်း၊ မြေပြင်လူဦးရေစာရင်းကောက်ယူခြင်းနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

စာရင်းကောက်ယူနိုင်ခဲ့သောအိမ်ထောင်စုပေါင်း - (၃၄,၄၅၁) စု

စာရင်းကောက်ယူနိုင်ခဲ့သော စစ်ရှောင်အိမ်ထောင်စုပေါင်း - (၂၂,၃၆၄) စု

ပြည်နယ်ဖြတ်သန်းခွင့်လက်မှတ်ထုတ်ပေးခြင်း - (၂,၄၀၇) ဦး

အလုပ်သမားများ ယာယီနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း - (၂,၃၉၆) ဦး

## ပြည်ထဲရေးဌာန၊အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ

အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲသည် တိုက်ပွဲဖြစ်ပွားလျက်ရှိသော ဒေသများရှိ ပြည်သူများအား ဘေးကင်းသည့်နေရာသို့ ကူညီကယ်ဆယ်ပြောင်းရွှေ့ပေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူ တော်လှန်ရေးရဲဘော်များနှင့် ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ကာ ဆေးရုံများသို့ လွှဲပြောင်းပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အရေးပေါ်ကူညီကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၂) ခုကို ဖွင့်လှစ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်သား (၂၀၀) အား မွေးထုတ်နိုင်ခဲ့သည်။ မီးသတ်ဌာနစိပ်အနေဖြင့် မီးလောင်မှုဖြစ်ပွားခဲ့သော နေရာ (၃) ခုသို့ သွားရောက်ကာ မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလန့်မှု၊ မီးလောင်မှုများအား ကနဦးမီးငြိမ်းသတ်နိုင်ရေးအတွက် ပြည်သူလူထုပိုင် ဆီဆိုင်များ၊ ဈေးဆိုင်များနှင့် အလုပ်ရုံများအား မီးသတ်ဆေးဘူးထားရှိစေပြီး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်နေပါသည်။ ထို့အတူ စစ်ရှောင်စခန်းများသို့ ရေပေးဝေမှု အကြိမ် (၁၅၀) ခန့် ဆောင်ရွက်ခဲ့ပြီး၊ ရေဂါလံပေါင်း (၂၄၀,၀၀၀) ဂါလံခန့်ကို ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ဒဏ်ရာရ ပြည်သူနှင့်ရဲဘော် ကယ်ဆယ်နိုင်ခဲ့သောအကြိမ်ရေ -(၈၀)

ရေပေးဝေနိုင်ခဲ့သော စစ်ရှောင်စခန်းပေါင်း - (၁၅၀) ခု

ပေးဝေနိုင်ခဲ့သောရေဂါလံ - (၂၄၀,၀၀၀) ဂါလံ

မီးငြိမ်းသတ်နိုင်ခဲ့သော အကြိမ်ရေ - (၃) ကြိမ်

# ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား မှတ်ပုံတင်ထုတ်ပေးခြင်း၊ ပို့ကုန်သွင်းကုန်ပါမစ်ထုတ်ပေးခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ နယ်စပ်ကုန်သွယ်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကရင်နီပြည်အတွင်း စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်သွင်းရန် စက်သုံးဆီများဖြန့်ဖြူးခြင်းနှင့် ကရင်နီပြည်နှင့်ကိုက်ညီသော ကုန်သွယ်ရေးမူဝါဒရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်ထုတ်ပေးမှုစာရင်း

ဌာနဆိုင်ရာမှတ်ပုံတင်ယာဉ်

(၅၄) စင်း

လုပ်ငန်းသုံးမှတ်ပုံတင်ယာဉ်

(၂၃) စင်း

ပုဂ္ဂလိကမော်တော်ယာဉ်

(၁၁၀) စင်း

ဆိုင်ကယ်လိုင်စင်

(၁၅၆) စင်း

ယာဉ်မောင်းလိုင်စင်

(၆) ဦး

လုပ်ငန်းသုံးလိုင်စင် (သို့) မှတ်ပုံတင်

ထားခြင်း- ယာဉ်လိုင်း (၂) ခု

လုပ်ငန်းမှတ်ပုံတင်- (၂) ခု [ငရုပ်ပွဲရုံ၊ သဲကျင်းလုပ်ငန်း]

ကုမ္ပဏီမှတ်ပုံတင် - (၇) ခု

ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်

(၁၆) ခု

# လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန

၂၀၂၅ ခုနှစ်၊ ပထမ (၆) လပတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနသည် စစ်ဘေးကြောင့် ဒုက္ခရောက်နေရသူ ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ခြင်း၊ အရေးပေါ် လူသားချင်းစာထောက်ထားရေးဆိုင်ရာ ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေကြောင်းရန် ကာကွယ်ရေးကနဦးသိရှိခြင်းနှင့် ကြိုတင်တုံ့ပြန်ဆောင်ရွက်ခြင်း(EWER) အသိပညာပေးခြင်း၊ သောက်သုံးရေ ဖြန့်ဖြူးခြင်း၊ နေရပ်ပြန်စစ်ရှောင်များအား ကူညီဆောင်ရွက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒရေးဆွဲရေး ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ခြင်း၊ လက်နက်ကြီး၊ လေကြောင်းအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အချက်အလက်များ ကောက်ခံခြင်းနှင့် စနစ်တကျ မှတ်တမ်းတင်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။

## အခြေခံစားနပ်ရိက္ခာထောက်ပံ့ပေးနိုင်ခဲ့သော အိမ်ထောင်စုနှင့်လူဦးရေ

အိမ်ထောင်စု - (၁၅,၃၃၉) စု

လူဦးရေ - (၆၅,၆၃၀) ဦး

## သောက်သုံးရေ ဖြန့်ဖြူးနိုင်ခဲ့သော စစ်ရှောင်စခန်းနှင့် အိမ်ထောင်စုများ

စစ်ရှောင်စခန်းပေါင်း - (၈၁) ခု

အိမ်ခြေ - (၇,၇၆၂) စု

## နေရပ်ပြန်နိုင်ရေးကူညီပေးနိုင်ခဲ့သော အိမ်ထောင်စုများ

အိမ်ထောင်စုပေါင်း - (၉၄) စု

လူဦးရေ - (၃၆၈) ဦး

## ကျောင်းနှင့်ဆေးရုံများတွင်ဆောက်လုပ်ပေးခဲ့သော ဗုံးခိုကျင်း - (၂၀) ခု

## ပညာရေးစာသင်ကျောင်းများသို့ အမိုးအကာဖြန့်ဖြူးခြင်း - (၇၅) ခု

# အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန

၂၀၂၅ ခုနှစ်၊ ပထမ (၆) လပတ်အတွင်းတွင် အမျိုးသမီးကလေးသူငယ်ရေးရာဌာနသည် အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင် ထိလွယ်ရှလွယ်အုပ်စုများအား ထောက်ပံ့ကူညီခြင်း၊ ကဏ္ဍအသီးသီးတွင် ဦးဆောင်ပါဝင်နေသော အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပြုလုပ်ပေးခြင်း၊ သက်ဆိုင်ရာ အစုအဖွဲ့များနှင့် ပူးပေါင်းကာ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် GBV Coordination Meeting များပြုလုပ်ခြင်း၊ Gender Policy Framework ပေါ်ပေါက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးအရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ခြင်း၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများ၊ Hygiene Kits၊ မိုးကာ၊ စောင်၊ အဝတ်အထည်နှင့် ငွေသား ဖြန့်ဝေခြင်း၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရခဲ့သော ကလေးသူငယ်များအား ကူညီထောက်ပံ့ခြင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးသင်တန်းများပြုလုပ်ခြင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ သုသေတနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေမူကြမ်း ပေါ်ပေါက်ရေးတို့ အတွက်ဆောင်ရွက်ခြင်းစသည်တို့ကို ပြုလုပ်ခဲ့သည်။

## အမျိုးသမီးနှင့်ကလေးသူငယ်များ အပါအဝင် ထိလွယ်ရှလွယ်သောသူများအား ကူညီထောက်ပံ့နိုင်ခဲ့သော ဦးရေ

- လိင်အခြေပြု အကြမ်းဖက်ခံရသူ -၁၈ ဦး
- မိုင်းထိဒဏ်ရာရ အမျိုးသမီး - ၂ ဦး
- ထိခိုက်ဒဏ်ရာရကလေး - ၄၂ဦး
- ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်အာဟာရ ထောက်ပံ့မှု -၁၁၇ ဦး
- မွေးကင်းစကလေးငယ် - ၂၃ ဦး
- မိုးကာ၊ စောင်၊ အဝတ်အထည်၊ထောက်ပံ့ခြင်း အိမ်ထောင်စု (၃၀၀)စု
- အရေးပေါ်ငွေကြေးထောက်ပံ့မှု - အိမ်ထောင်စု (၂၀၀)
- Hygiene kits ထောက်ပံ့ခြင်း - အိမ်ထောင်စု (၇၀၀)

Department of Justice

# တရားရေးဌာန

တရားရေးဌာနသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တရားစီရင်ရေးမဏ္ဍိုင်၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တရားရေးဌာန၏ ဥပဒေရေးရာ ကြီးကြပ်ရေး ဌာနခွဲမှ ဥပဒေမူကြမ်းများ စိစစ်ခြင်း၊ ဥပဒေအရာရှိများမှ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြည်လည်ထူထောင်ရေးဌာနခွဲမှ အကျဉ်းသားများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

# (၆) လတာအတွင်း တရားရေးဌာနမှ လိုက်ပါဆောင်ရွက်ခဲ့သော အမှုများ

| စဉ် | အမှုအမျိုးအစား | အရေအတွက် | ပြီးပြတ်မှု | လက်ကျန်မှု |
|---|---|---|---|---|
| (က) | လူသတ်မှု/လူသေမှု | ၃ | ၁ | ၂ |
| (ခ) | အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရစွဲဆိုမှု | ၂၈ | ၂၂ | ၆ |
| (ဂ) | မူးယစ်ဆေးဝါးဥပဒေအရစွဲဆိုမှု | ၄၂ | ၃၄ | ၈ |
| (ဃ) | မုဒိမ်းမှု/မုဒိမ်းကျင့်ရန်အားထုတ်မှု | ၅ | ၃ | ၂ |
| (င) | ခိုးမှု | ၃ | ၃ | - |
| (စ) | မီးလောင်မှု | ၂ | ၂ | - |
| (ဆ) | ရာဇသတ်ကြီးအရစွဲဆိုသောအခြားပြစ်မှုများ | ၂၃ | ၁၈ | ၅ |
| (ဇ) | အယူခံ/ပြင်ဆင် | ၃ | ၃ | - |
| **စုစုပေါင်း** | | **၁၀၉** | **၈၆** | **၂၃** |

## ဆောက်လုပ်ရေးဌာန

ဆောက်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကရင်နီပြည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပြင်တွင် အမှန်တကယ်ဖော်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းစီမံကိန်းများအား ကွင်းဆင်းတိုင်းတာစိစစ်၍ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဆောက်လုပ်ရေးမူဝါဒများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

## ဆောက်လုပ်ပြီးစီးသော လမ်း၊ တံတားများ

- တံတားတည်ဆောက်ခြင်း (၂) စင်း
- လမ်းပိုင်းပြင်ဆင်ခြင်း (၄) ခု
- မြေထိန်းနံရံ တည်ဆောက်ခြင်း -(၁) ခု

## ဆောက်လုပ်နေဆဲ လမ်းတံတား၊ အဆောက်အဦးများ

- တံတား တည်ဆောက်ခြင်း- (၆) စင်း
- လမ်းပိုင်းပြုပြင်ခြင်း- (၆) ခု
- ရုံးအဆောက်အဦး တည်ဆောက်ခြင်း - (၂) ရုံး

## လူငယ်ရေးရာဌာန

လူငယ်ရေးရာဌာနသည် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဆောင်ရွက်ခြင်း၊ လူငယ်ရေးရာစစ်တမ်းကောက်ယူရန်ပြင်ခြင်း၊ လူမျိုးစုလူငယ် နှီးနှောဖလှယ်ပွဲများတွင် ပူးပေါင်းပါဝင်ခြင်း မြို့နယ်အသီးသီးရှိ ကျေးရွာလူငယ်၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကွင်းဆင်းတွေ့ဆုံခြင်း၊ လူငယ်ရေးရာကမ်ပိန်းများ ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

## လူငယ်ရေးရာဌာနမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ

- လူငယ်စွမ်းရည်မြှင့်သင်တန်းများပေးအပ်ခြင်း
- လူငယ်ရေးရာစစ်တမ်းကောက်ရန်ပြင်ဆင်ခြင်း
- လူမျိုးစုလူငယ်နှီးနှောဖလှယ်ပွဲများတွင်ပူးပေါင်းပါဝင်ခြင်း
- ကျေးရွာလူငယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကွင်းဆင်းတွေ့ဆုံခြင်း
- လူငယ်ရေးရာ ကမ်ပိန်းများပြုလုပ်ခြင်း

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန

၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် စိုက်ပျိုးရေးနည်းပညာဌာနခွဲ၊ မွေးမြူရေးနှင့် ကုသရေးဌာနခွဲ၊ ဆည်မြောင်းဌာနခွဲဟူ၍ လုပ်ငန်းများကို ခွဲခြားကာ အသီးသီးဆောင်ရွက်ခဲ့ရှိသည်။ စိုက်ပျိုးရေးနည်းပညာဌာနခွဲမှဦးဆောင်၍ တောင်သူညီလာခံပြုလုပ်ခြင်း၊ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း၊ စံပြကွက်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သဘာဝမြေဩဇာ ထုတ်လုပ်ခြင်း၊ မျိုးစပါးနှင့် ပျိုးပင်များစိုက်ပျိုးဖြန့်ဖြူးခြင်းစသည်တို့ကိုဆောင်ရွက်ခဲ့ပြီး မွေးမြူရေးနှင့် ကုသရေး ဌာနခွဲမှ တိရစ္ဆာန်များကို ကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာ/နည်းပညာများ မျှဝေပေးခြင်း၊ မွေးမြူရေးလုပ်သားများမွေးထုတ်ခြင်းတို့ကို ဆောင်ရွက်ကာ ဆည်မြောင်းဌာနခွဲမှ ချောင်းမြောင်း ပြုပြင်ခြင်း၊ လမ်းတံတားပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းပြုပြင်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။

## စိုက်ပျိုးရေးနည်းပညာဌာနခွဲ၏ ဆောင်ရွက်ချက်များ

မျိုးစေ့ထုတ်စိုက်ခင်း - (၄) ဧက

စံပြကွက်ဖော်ဆောင်ခြင်း - (၈) ဧက

စိုက်ပျိုးနည်းပညာပေးခြင်း- (၅) မြို့နယ်

သဘာဝမြေဩဇာထုတ်လုပ်ခြင်း - (၅၀၀) အိတ်

တောင်သူညီလာခံပြုလုပ်ခြင်း

မြို့နယ် - (၅) မြို့နယ်၊ အကြိမ် (၇) ကြိမ်

ပျိုးပင်များဖြန့်ဖြူးခြင်း - (၆,၀၀၀) ပင်

မျိုးစပါးဖြန့်ဖြူးခြင်း - (၃၁၈) ဧက

## မွေးမြူရေးနှင့် ကုသရေးဌာနခွဲမှ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကုသခြင်း

ကျွဲ၊နွား ကုသ - (၂၅၅) ကောင်

ကာကွယ်ဆေးထိုး - (၁,၂၀၀) ကောင်

ဝက် ကုသ - (၂၄၄) ကောင်

ဝက်သံချဆေး - (၁,၀၀၀) ကောင်

တိုင်းရင်းကြက်အကောင်ရေ- (၅,၀၀၀)

ကာကွယ်ဆေးထိုး ခွေး - (၂၀၀) ကောင်

## ဆည်မြောင်းဌာနခွဲမှ ချောင်းမြောင်းပြုပြင်ခြင်း၊တံတားနှင့်ကုန်ထုတ်လမ်းများပြုပြင်ခြင်း

ပြုပြင်ခဲ့သော ချောင်း/မြောင်း - (၄) ခု

ပြုပြင်ခဲ့သောတံတား - (၂) စင်း

ပြုပြင်ခဲ့သော ကုန်ထုတ်လမ်း - (၁) လမ်း

Department of Justice

## ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲမှ အကြံပေးနိုင်ခဲ့သော ဥပဒေမူကြမ်းများ

- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများမှကာကွယ်ရေးဥပဒေ
- အကျဉ်းထောင်ဆိုင်ရာလုပ်ငန်းလမ်းညွှန်
- ဥပဒေအရာရှိကျင့်ဝတ်
- မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ မူဝါဒ(မူကြမ်း)
- လောင်းကစားဥပဒေ
- ဘက်ပြောင်းခိုလှုံ၊ စစ်သုံ့ပန်း၊ စစ်ပြေး၊ စစ်ကောင်စီသတင်းပေးများနှင့် သက်ဆိုင်သည့်အစီအမံ
- ကလေးသူငယ်ယာယီထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လမ်းညွှန်
- စိုက်ပျိုးရေး မူဝါဒ (မူကြမ်း)
- ကရင်နီပြည် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်

Interim Executive Council
Of Karenni State

## ပညာရေးဌာန

ပညာရေးဌာန၏ အခြေခံပညာဌာနခွဲသည် ကျောင်း ဆရာ၊ ဆရာများအား ထောက်ပံ့ခြင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေခြင်း၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများအားလူမှုအခြေပြု အဖွဲ့အစည်းများ ၏ အကူအညီဖြင့် တည်ဆောက်ခြင်း၊မြို့နယ်ပညာရေးမှူးရွေးချယ်ခန့်အပ်ခြင်းနှင့်မြို့နယ်ပညာရေးမှူးရုံးများ လည်ပတ် နိုင်ရန် ထောက်ပံ့ခြင်း၊ ကျောင်းအုပ်ချုပ်ရေးကောင်စီ၊မြို့နယ် ပညာရေးကောင်စီများကို ဖွဲ့စည်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ BECA စနစ်သစ် စာမေးပွဲ ကျင်းပနိုင်ရေးအတွက် NUG-MOE၊ မြို့နယ် ပညာရေးဘုတ်အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဆရာဖြစ်သင်တန်းများဖွင့်လှစ်ခြင်း၊မြို့နယ်အလိုက်သင်တန်းများကိုသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဖွင့်လှစ်ခြင်း၊စစ်ဘေးဒဏ်ကြောင့်ထိခိုက်သေဆုံးသောကလေးများအားထောက်ပံ့ခြင်း၊ကျောင်းများဖွင့်လှစ်နိုင်ရန်အတွက်သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အမိုးအကာများထောက်ပံ့ခြင်းတို့အပြင် ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူစာရင်းများ ပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆင့်မြင့်ပညာရေးဌာနခွဲသည် ကရင်နီပြည် ဘာသာရပ်စုံ တက္ကသိုလ်တစ်ခုတည်ထောင်နိုင်ရန်နှင့် ကျောင်းအလိုက် charter ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ပညာရေးကောင်စီဖွဲ့စည်းနိုင်ရန်အတွက် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များ ဆက်လက် ဖွင့်လှစ်နိုင်ရေးအတွက် အလှူရှင်အဖွဲ့အစည်းများနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပညာသင်ဆုများကို အလွယ်တကူ လျှောက်ထားနိုင်ရန်အတွက် ပညာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ခြင်း၊ အဝေးသင်တက္ကသိုလ် ကျောင်းသူကျောင်းသားများ ပညာ ဆက်လက် သင်ယူနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ အချက် အလက်ပြုစုခြင်း တို့ကိုဆောင်ရွက်လျက် ရှိပါသည်။

ထောက်ပံ့နိုင်သော ဆရာ/ဆရာမ - (၄,၅၂၆) ဦး

အခြေခံပညာကျောင်းသူ/သားဦးရေ- (၅၆,၆၆၉) ဦး

သင်ထောက်ကူပစ္စည်းပံ့ပိုးခဲ့သောကျောင်းပေါင်း- (၅၃၀)ကျောင်း

UNIVERSITY

အဆင့်မြင့်ပညာ၊ တက္ကသိုလ်၊ ကောလိပ်- (၅) ကျောင်း

အဆင့်မြင့်ပညာရေးကို လက်လှမ်းမီနေသော ကျောင်းသူ၊

ကျောင်းသား စာရင်း- (၇၆၄) ဦး

## ကျန်းမာရေးဌာန

ကျန်းမာရေးဌာနသည် မြေပြင်တွင် လည်ပတ်လျက်ရှိသော ဆေးရုံ (၃) ရုံနှင့် ဆေးခန်းများမှတဆင့် ကရင်နီပြည်သူလူထုနှင့် ပြည်သူ့ရဲဘော်များအား ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပြီး ပြင်ပလူနာကြည့်ရှုခြင်း၊ အတွင်းလူနာကုသခြင်း၊ ခွဲစိတ်ကုသခြင်းစသည့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ ထို့အတူ ကရင်နီပြည်ရှိ ကျန်းမာရေးအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### ဆေးရုံ (၃) ရုံမှ ပေးအပ်နိုင်ခဲ့သည့် ကျန်းမာရေးဝန်ဆောင်မှုများ

- အတွင်းလူနာ - (၇,၆၄၂) ဦး
- အပြင်လူနာ- (၁,၈၀၉) ဦး
- အကြီးစားခွဲစိတ်လူနာ - (၅၆၄) ဦး
- အသေးစားခွဲစိတ်လူနာ- (၄၇၁) ဦး
- ခွဲစိတ်မွေးလူနာ- (၉၆) ဦး
- လွှဲပြောင်းလူနာ- (၇၃) ဦး

### ကျန်းမာရေးအစုအဖွဲ့များနှင့်ပူးပေါင်း၍ပေးအပ်နိုင်ခဲ့သော ကျန်းမာရေးဝန်ဆောင်မှုများ

- အတွင်းလူနာ- (၄၇,၂၀၁) ဦး
- ကွင်းဆင်းကုသလူနာ- (၁၂,၁၇၂) ဦး
- ကိုယ်ဝန်ဆောင်မိခင် - (၉၂၈) ဦး
- မွေးလူနာ - (၄၀၅) ဦး